# သူငယ်တန်း (kindy) သည် ဘယ်လောက် ကုန်ကျပါသလဲ။

Kindy သည် ကွင်းစလန်းတွင် အခမဲ့ မဟုတ်ပါ။ ထို့အပြင် သင့်မိသားစု၏ အခြေအနေနှင့် သူငယ်တန်းသင်ကြားသူအပေါ် မူတည်ပြီး အပြောင်းအလဲလည်း ရှိပါသည်။

ကျွန်ုပ်တို့သည် ကလေးတိုင်းအတွက် မူကြိုတန်းများကို အခမဲ့ပြုလုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိပြီး ယင်းသို့မဖြစ်မီအချိန်တွင် အောက်ပါ လမ်းညွှန်သည် သူငယ်တန်းကုန်ကျစရိတ် ခန့်မှန်းနိုင်ရန် အကူအညီဖြစ်ပါလိမ့်မည်။ ကုန်ကျစရိတ်ကို ရှင်းရှင်းလင်းလင်းသိရန်အတွက် အကောင်းဆုံးနည်းလမ်းမှာ သင်နှစ်သက်သော သူငယ်တန်းသင်သူကို စကားပြောကြည့်ပါ။

## ကုန်ကျစရိတ် မရှိ သို့မဟုတ် အနည်းငယ်သော ကုန်ကျစရိတ်များအကြောင်း သိနိုင်ရန် နောက်စာမျက်နှာကို ကြည့်ပါ။

အောက်ပါအခြေအနေများနှင့် သင်အကျုံးဝင်လျှင် လိုက်နိုင်ရှိ အချို့စင်တာများတွင် သင်ပေးရနိုင်သည့် ကုန်ကျစရိတ်များအကြောင်း ဥပမာအနည်းငယ်ကို ကြည့်ပါ။ ဤဈေးနှုန်းများသည် လမ်းညွှန်အတွက်သာ အသုံးပြုသင့်သည်ကို ကျေးဇူးပြု၍ သိရှိမှတ်သားပါ။




**QKFS Plus Subsidy အတွက် အရည်အချင်းပြည့်မီ**

(အရည်အချင်းပြည့်မီသည့် မိသားစုများကိုယ်စား ဝန်ဆောင်မှုပေးသူများ၏ ပြောကြားချက်)

အချို့ဥပမာများမှာ -

| | အမြတ်မယူသော သူငယ်တန်းကျောင်းများ | သူငယ်တန်းအစီအစဉ်အတွက် တစ်နေကုန် စောင့်ရှောက်ပေးသော စင်တာများ |
|---|---|---|
| မိသားစုတစ်စု (မွေးစား မိသားစုများအပါအဝင်) သို့မဟုတ်လက်ရှိ ဩစတြေးလျအစိုးရ ကျန်းမာရေးကတ် (Australian Government Health Care Card) ရှိသည့် ကလေး | $3.70 - $11.70 တစ်ရက် | $11.50 - $16.50 တစ်ရက် |
| မိသားစုတစ်စု (မွေးစား မိသားစုများအပါအဝင်) သို့မဟုတ်လက်ရှိ ဩစတြေးလျအစိုးရ ကျန်းမာရေးကတ် (Australian Government Health Care Card)၊ စစ်ပြန်များဆိုင်ရာဌာန ရွှေရောင်ကတ် သို့မဟုတ် အဖြူရောင်ကတ် ရှိသည့် ကလေး | $3.70 - $11.70 တစ်ရက် | $11.50 - $16.50 တစ်ရက် |
| အဘော်ရီဂျင် နှင့်/သို့မဟုတ် တောရက်စ် စထရိတ် ကျွန်းသူကျွန်းသားဖြစ်သည့် ကလေး နှင့် ကျောင်းအပ်ပုံစံပေါ်တွင်မိမိတို့ကိုယ်မိမိတို့ ယင်းကဲ့သို့ သတ်မှတ်ဖော်ပြထားသည့်မိသားစု။ | Deadly Kindy တွင် ကုန်ကျစရိတ် မရှိပါ။ $3.70 - $11.70 တစ်ရက် - အခြားနေရာ | $7 ခန့် - တစ်ရက် |
| တစ်နှစ်တည်း ကျောင်းအပ်ရာတွင် ရွယ်တူ ကလေး ၃ ဦး သို့မဟုတ် ယင်းထက်ပိုသည့် မိသားစု။ | $3.70 - $11.70 တစ်ရက် | $11.50 - $16.50 တစ်ရက် |
| **QKFS standard subsidy ပုံမှန် ထောက်ပံ့ကြေးအတွက် အရည်အချင်းပြည့်မီ** (သူငယ်တန်းအရွယ် ကလေးတစ်ဦးချင်းစီ ကျောင်းအပ်ခြင်းအတွက် အတည်ပြုထားသည့် သူငယ်တန်းအစီအစဉ်များမှ လက်ခံရရှိ) | $23.60 - $51.80 တစ်ရက် | |
| **နောက်ထပ် ကလေးစောင့်ရှောက်မှုထောက်ပံ့ကြေး (Additional Child Care Subsidy) အတွက် အရည်အချင်းပြည့်မီ** | | ကုန်ကျစရိတ် မရှိ |
| **Child Care Subsidy ထောက်ပံ့ကြေး အမြင့်ဆုံး** (85%)* ရရန်အတွက်၊ ထို့အပြင် QKFS Plus Subsidy အတွက် အရည်အချင်းပြည့်မီ | | $11.50 - 16.50 တစ်ရက် |
| **Child Care Subsidy ၏ 85% အတွက် အရည်အချင်းပြည့်မီ** | | $21 - $33.50 တစ်ရက် |
| **Child Care Subsidy ၏ 50% အတွက် အရည်အချင်းပြည့်မီ** | | $54 - $58 တစ်ရက် |

* သင်တို့၏ မိသားစုတစ်ခုလုံး၏ ဝင်ငွေသည် $68,163 သို့မဟုတ် ယင်းထက် နည်းလျှင် သင်သည် Child Care Subsidy အမြင့်ဆုံးဖြစ်သည့် (85%) အတွက် အရည်အချင်းပြည့်မီပါသည်။

## ထောက်ပံ့ကြေးများနှင့် သတ်မှတ်အရည်အချင်းများအကြောင်း ပိုမိုသိလိုလျှင် -

- Family Kindy Guide ၏ ဝက်ဘ်ဆိုက် theearlyyears.com.au
- Human Services ၏ ဝက်ဘ်ဆိုက်တွင် လော့ဂ် အွန်လုပ်ပြီး ကြည့်ပါ - servicesaustralia.gov.au
- Centrelink ကို ဖုန်းခေါ်ပါ - 136 150 (တနင်္လာ – သောကြာ) မနက် ၈ နာရီ မှ ည ၈ နာရီ

**လိုဂန်ရှိ Centrelink service centre ကို သွားရောက်ပါ။**

- 21 Station St, Woodridge
- 75-87 Grand Plaza Dr, Browns Plains
- Stockyard Ln, Beenleigh

# ကုန်ကျစရိတ် လုံးဝမရှိ နှင့် အနည်းငယ်သော ကုန်ကျမှု လိုဂန်ရှိ Kindy Initiatives စင်တာများ

သူငယ်တန်း (kindy) သည် ကျောင်းမတက်မီနှစ်၏ ဇူလိုင်လ ၃၀ ရက်တွင် အသက် ၄ နှစ်ရောက်ပြီးသော ကလေးများအတွက် ဖြစ်သည်။



ကံကောင်းစွာပင် ကုန်ကျစရိတ်မရှိသော သို့မဟုတ် အနည်းငယ်သာ ကုန်ကျမည့် ရွေးချယ်စရာများ ရှိသည့်အတွက် လိုဂန်ရှိ ကလေးများသည် သူငယ်တန်း အတွေ့အကြုံကို ခံစားနိုင်ကြပါသည်။



**Deadly Kindy Program သည် အဘော်ရီဂျင် နှင့် တောရက်စ် စထရိတ်ကျွန်းသား ကလေးများအတွက် ဖြစ်သည်။**

## ကုန်ကျစရိတ်မရှိ။

သူငယ်တန်းတက်ရန် အရည်အချင်းပြည့်မီသည့်အပြင် နှစ်စဉ်ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်ထားသော အဘော်ရီဂျင် နှင့် တောရက်စ် စထရိတ် ကျွန်းသား ကလေးများအတွက်

နောက်ထပ်သိလိုလျှင် -

**Deadly Kindy Burragah**
25 Jacaranda Av, Woodridge, 3290 6429

**Deadly Kindy Waterford West**
6 Glenda St, Waterford West, 3239 5381

**ဒုက္ခသည် သို့မဟုတ် ခိုလှုံခွင့်တောင်းခံသူ ကလေးငယ်များအတွက် မူကြို (Early Childhood Program for Refugee and Asylum Seeker) အစီအစဉ် (နေရာအကန့်အသတ်ရှိပါသည်)**

## ကုန်ကျစရိတ် မရှိ သို့မဟုတ် ကုန်ကျစရိတ် အနည်းငယ်

သတ်မှတ်အရည်အချင်းပြည့်မီရန် သင်၏ကလေးသည် ဒုက္ခသည် သို့မဟုတ် ခိုလှုံခွင့်တောင်းခံသူ နောက်ခံအခြေအနေ ရှိရမည်။ သူငယ်တန်းအရွယ်ဖြစ်ရမည်။ လိုဂန်တွင် နေထိုင်သူ ဖြစ်ရမည်။

နောက်ထပ်သိလိုလျှင် -

**Sahba Hamid** ဖုန်းနံပါတ် 0417 759 380
အီးမေးလ် - sahba.hamid@acsl.org.au



**လိုဂန် တူဂဲသား သူငယ်တန်း စကောလားရှစ် အစီအစဉ် - Logan Together Kindy Scholarship Program (အရေအတွက် အကန့်အသတ်ရှိပါသည်)**

Logan Community Bank Bendigo Bank ဘဏ်ခွဲများနှင့် တစ်သီးပုဂ္ဂလအလှူရှင်များက ပံ့ပိုးကူညီသည်။

## ကုန်ကျစရိတ်မရှိ။

ဤအစီအစဉ်ကို တက်ရောက်ရန် သင်၏ မိသားစုသည် QKFS Plus Kindy Support ၏ သတ်မှတ်အရည်အချင်းပြည့်မီရမည်။ သင်၏ကလေးသည် သူငယ်တန်းအရွယ်ဖြစ်ရမည်။ လိုဂန်တွင် နေထိုင်သူဖြစ်ရမည်။

နောက်ထပ်သိလိုလျှင် -
www.theearlyyears.com.au
သို့မဟုတ် အီးမေးလ်
kindyscholarships@logantogether.org.au

**မူကြိုရန်ပုံငွေ (Early Learning Fund)**



Goodstart Early Learning, Uniting နှင့် Benevolent Society တို့၏ မိတ်ဖက်ဆောင်ရွက်မှု

## ကုန်ကျစရိတ် $5 တစ်ရက်၊

တစ်ပတ်လျှင် ၂ ရက်။

သတ်မှတ်အရည်အချင်းပြည့်မီမှုရှိမရှိကို သင်နှင့်အနီးဆုံး**Goodstart Early Learning Centre** တွင် စုံစမ်းပါ သို့မဟုတ် အီးမေးလ်ပို့ပါ။
info@earlylearningfund.org.au

နောက်ထပ်အချက်အလက်များ၊ ဒေသန္တရအဆက်အသွယ်များ၊ အသုံးဝင်သည့် လင့်ခ်များ၊ ဗီဒီယိုများ နှင့် လေ့ကျင့်ခန်းစာရွက်များအတွက် www.theearlyyears.com.au ကို ကြည့်ပါ။

theearlyyears.com.au

ထောင်နှင့်ချီသောလူများသည် Logan Together တွင် စုစည်းထားကြ သောကြောင့် အားလုံး၏ လိုဂိုများကို ဤနေရာတွင် ထား၍ မရပါ။
သို့သော် ယင်းတို့ကို logantogether.org.au တွင် တွေ့နိုင်ပါသည်။ တစ်ချက်ကြည့်လိုက်ပါ။ ထို့နောက် ကျေးဇူးတင်ကြောင်း ပြောဖို့ တစ်ခုကို ဖုန်းခေါ်ချင် ခေါ်လိုက်ပါ။

LOGAN together